**Civil Authorize Negotiate Organization (C.A.N-Org)**
(No.25- Kagi), Block 693, Lwin Complex, Third Floor, North side of Bawdipin Dhammaryone,
Between 39×40 Street and Between 71×72 Street, Maharaungmyae Township, Mandalay, Myanmar
canorg.myanmar@gmail.com
http://www.facebook.com/CivilAuthorizeNegotiateOrganization www.canmyanmar.or
+95 9 33035068, +95 9 4253 268 10, +95 9 961524974



# Nomination Form for Myanmar LGBTIQAs Award (PFLAG-Myanmar)

## မြန်မာနိုင်ငံလိင်ဝိသေသ၊လိင်စိတ်ကွဲပြားသူများဆိုင်ရာ ဂုဏ်ပြုဆု အဆိုပြုတင်သွင်းလွှာ

| Nominee's Information<br>**အဆိုပြုခံမည့်သူ၏ အချက်အလက်များ** | |
|---|---|
| အဆိုပြုခံမည့်သူ၏ အချက်အလက်များ အဆိုပြုလိုသည့် ဆုခေါင်းစဉ် (သင့်လျော်သလို အမှန်ခြစ်ပေးပါ။)<br>☐ **Outstanding Parent of LGBTIQAs of the year Award**<br>☐ **Outstanding Friend Ally of LGBTIQAs of the year Award**<br>☐ **Outstanding LGBTIQAs Activist of the year Award**<br>☐ **Honorarium Lifetime Award for LGBTIQAs movement in Myanmar** | |
| အမည် | |
| အသက် | |
| နေရပ် | |
| ကိုယ်စားပြု အဖွဲ့အစည်း (ရှိလျှင်) | |

**Civil Authorize Negotiate Organization (C.A.N-Org)**
(No.25- Kagi), Block 693, Lwin Complex, Third Floor, North side of Bawdipin Dhammaryone,
Between 39×40 Street and Between 71×72 Street, Maharaungmyae Township, Mandalay, Myanmar
canorg.myanmar@gmail.com
http://www.facebook.com/CivilAuthorizeNegotiateOrganization www.canmyanmar.or
+95 9 33035068, +95 9 4253 268 10, +95 9 961524974

| | |
|---|---|
| ဖုန်း | |
| အီးမေးလ် | |

| Nominator’s Information<br>အဆိုပြုမည့်သူ၏ အချက်အလက်များ | |
|---|---|
| အမည် | |
| အသက် | |
| နေရပ် | |
| ကိုယ်စားပြု အဖွဲ့အစည်း (ရှိလျှင်) | |
| ဖုန်း | |
| အီးမေးလ် | |

| ဤတွင် အဆိုပြုခံမည့်သူ၏ ကိုယ်ရေးအကျဉ်းကို အဆိုပြုမည့်သူမှ ဖြည့်စွက်ရေးသားတင်ပြရန်ဖြစ်သည်။ ရေးသားရာတွင် အဆိုပြုခံမည့်သူ၏ သက်ဆိုင်ရာနယ်ပယ်အတွင်း လုပ်ရှားဆောင်ရွက်ခဲ့မှုများ၊ အောင်မြင်မှုများ၊ လူထု (သို့) သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ (သို့) သက်ဆိုင်သူများ မှ အသိအမှတ်ပြု မှတ်ချက်ချရလောက်သည့် အနေအထားတစ်ခုကို ဖော်ဆောင်ခဲ့မှုများကို ပြည့်စုံစွာ ရေးသားဖော်ပြရန်ဖြစ်သည်။ |
|---|
| |

| |
|---|
| |
| နောက်ဆက်တွဲ(က) နှင့် (ခ) တို့ကိုပါ တွဲဖက်ပေးပို့ရန်ဖြစ်သည်။ (ညွှန်ကြားချက်များ အချက် (၂)နှင့်(၃) တွင်ကြည့်ပါ) |

## ညွှန်ကြားချက်များ

(၁) ဤဖောင်ပါ အချက်အလက်များကိုပြည့်စုံစွာဖြည့်စွက်ပြီး canorg.program@gmail.com ကို လိပ်မူ၍ canorg.myanmar@gmail.com နှင့် minthanttin@canmyanmar.org တို့ကို CC ခံပြီး ဇွန်လ (၁၀) ရက်နေ့နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

(၂) အဆိုပြုခံမည့်သူ၏ ရှင်းလင်းသော မျက်နှာပုံ (ပတ်စ်ပို့အရွယ်အစား) ကို ဤဖောင်၏ နောက်ဆက်တွဲ(က) ဟုခေါင်းစဉ်တပ်ပြီး တွဲဖက်ပေးပို့ရန်ဖြစ်သည်။

(၃) ဤဖောင်နှင့်တွဲဖက်ပြီး အဆိုပြုခံမည့်သူနှင့်စပ်လျဉ်းသော လုပ်ဆောင်ချက်များကို သက်သေသာဓကအဖြစ် အထောက်အကူပြုမည့် သတင်းများ၊ ဆောင်းပါးများ၊ ဓါတ်ပုံများ၊ လူမှုကွန်ယက်စာမျက်နှာ လိပ်စာများ စသည်တို့ကို နောက်ဆက်တွဲ(ခ) ဖြင့် တွဲဖက်ပေးပို့နိုင်သည်။

(၄) ဤဖောင်ကို သက်ဆိုင်ရာ ဆုရွေးချယ်ရေးကော်မတီမှလက်ခံရရှိပြီးသည်နှင့် စိစစ်ရွေးချယ်ပြီး ရွေး ချယ်ခံရသူများကို လိင်စိတ်ခံယူမှုကွဲပြားသူများ၏ဂုဏ်ယူပွဲကြီးဖွယ်ရာ လဖြစ်သောဇွန်လ ၂၀ရက်၂၀၂၀ပြည့်နှစ်တွင် Covid19 ကာလအတွင်းအစိုးရ၏ ညွှန်ကြားချက်များနှင့်အညီ အွန်လိုင်းမှတဆင့် ချီးမြှင့်သွားမည်ဖြစ်သည်။

## စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ

*(က) အဆိုပြုတင်သွင်းမည့်သူများ*

(၁) မည်သည့် လူပုဂ္ဂိုလ်မဆို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ ဆုအမျိုးအစားတစ်ခုစီအတွက် (၁) ဦးကိုသာ အဆိုပြုတင်သွင်းနိုင်မည်ဖြစ်သည်။

(၂) အဆိုပြုတင်သွင်းမည့်သူအနေဖြင့် အဆိုပြုတင်သွင်းခံမည့်သူ၏ သဘောတူညီချက်ကိုရယူပြီး အဆိုပြုတင်သွင်းကြောင်းကို အဆိုမတင်သွင်းမှီ သတင်းပေးပို့ထားရှိပြီးဖြစ်ရမည်။

(၃) သဘောတူညီချက်များရရှိထားပြီးလျှောက်ထားလာသောအဆိုပြုလွှာများကိုပြန်လည်ရုတ်သိမ်း၍မရပါ။

(၄)ဤအဆိုပြုလွှာတွင်လိုအပ်သောအချက်အလက်များအားလုံးတို့ကို ပြည့်စုံစွာဖြည့်စွက်ရန်ဖြစ်ပြီး ပြည့်စုံမှုမရှိသည့်အဆိုပြုလွှာများကို ဆုစိစစ်ရွေးချယ်ရေးကော်မတီမှ ထည့်သွင်းစဉ်းစားသွားမည်မဟုတ်ပါ။

(၅)အဆိုပြုတင်သွင်းခံမည့်သူသည်အဆိုပြုတင်သွင်းမည့်သူမဖြစ်ရ၊မိမိကိုယ်ကိုအဆိုတင်သွင်းခြင်း မပြုရ။

**(1) Outstanding Parent of LGBTIQAs of the year Award**

လိင်စိတ်ကွဲပြားသူ၏ မိဘအထူးဂုဏ်ပြုဆု

- သားသမီး၏ဖြစ်တည်မှုကိုလက်ခံသဘောပေါက်ပြီးစိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအတွက် ထောက်ပံ့ကူ ညီပေးခဲ့/နေ သည့် မိဘဖြစ်ရမည်။
- သားသမီး၏ ဖြစ်တည်မှုအပေါ်အခြေခံပြီး အိမ်တွင်းနှင့်ပြင်ပတွင် ကျရောက်အံ့သော ခွဲခြားဆက်ဆံရခြင်းများကိုအပြည့်အဝရပ်တည်ကာကွယ်ပေးခဲ့သည့်သမိုင်းကြောင်းရှိသူဖြစ်ရမည်။
- မိမိတို့သားသမီးအပြင်အခြားသောလိင်စိတ်ဝိသေသကွဲပြားသူလူငယ်များကိုလက်ခံနားလည် နွေးထွေးပျူငှာ ပေးသော မိဘတစ်ဦးဖြစ်ရမည်။
- မိမိတို့သားသမီးအပြင်အခြားသောလိင်စိတ်ဝိသေသကွဲပြားသူလူငယ်များ၏အခွင့်အရေးအတွက် သက်ဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နေသူ ဖြစ်ရမည်။

**(2) Outstanding Friend Ally of LGBTIQAs of the year Award**

လိင်စိတ်ကွဲပြားသူ၏ ဆွေသဟာ အထူးဂုဏ်ပြုဆု

- မိမိမိတ်ဆွေ၏ဖြစ်တည်မှုကိုလက်ခံသဘောပေါက်ပြီးစိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအတွက် ထောက်ပံ့ကူ ညီပေးခဲ့/နေ သူဖြစ်ရမည်။
- မိမိမိတ်ဆွေ၏ ဖြစ်တည်မှုအပေါ်အခြေခံပြီး လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်အတွင်း ကျရောက်အံ့သော ခွဲခြားဆက်ဆံရခြင်းများ ကို အပြည့်အဝ ရပ်တည်ကာကွယ်ပေးခဲ့သည့် သမိုင်းကြောင်းရှိသူဖြစ်ရမည်။
- မိမိနှင့်ရင်းနှီးသောမိတ်ဆွေအပြင်အခြားသောလိင်စိတ်ဝိသေသကွဲပြားသူများကို လက်ခံနားလည် နွေးထွေးပျူငှာ ပေးသူတစ်ဦးဖြစ်ရမည်။
- မိမိ၏မိတ်ဆွေနှင့်အတူအခြားသောလိင်စိတ်ဝိသေသကွဲပြားသူများ၏အခွင့်အရေးအတွက် သက်ဆိုင်ရာအရပ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့သောသမိုင်းကြောင်း ကောင်းမွန်စွာရှိသူ၊ ဆောင်ရွက်နေသူ ဖြစ်ရမည်။

**(3) Outstanding LGBTIQAs Activist of the year Award**

လိင်စိတ်ကွဲပြားသူများအရေး စွမ်းဆောင်ရည်ချွန်ဆု

- မြန်မာနိုင်ငံဒေသအတွင်းရှိလိင်ဝိသေသ၊လိင်စိတ်ခံယူမှုကွဲပြားသူများနှင့်ဆက်စပ်သော လုပ်ငန်း ဆောင်တာများကို ၂၀၁၉ ခုနှစ်အတွင်း ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ပေးခဲ့သည့် သမိုင်းကြောင်းရှိသူ ဖြစ်ရမည်။
- မြန်မာနိုင်ငံဒေသအတွင်းရှိလိင်ဝိသေသ၊လိင်စိတ်ခံယူမှုကွဲပြားသူများနှင့်ဆက်စပ်သော လုပ်ငန်း ဆောင်တာများနှင့် အခွင့်အရေးများဆိုင်ရာ အကြောင်းအရာများကို လူထုအတွင်း စည်းရုံးလှုံ့ဆော်ခြင်းများကို ၂၀၁၉ ခုနှစ်အတွင်း အများဆုံးလုပ်ဆောင်ခဲ့သူ ဖြစ်ရမည်။

**(4) Honorarium Lifetime Award for LGBTIQAs movement in Myanmar**

မြန်မာနိုင်ငံလိင်စိတ်ကွဲပြားသူများအရေးစွမ်းဆောင်ရည်ချွန် တစ်သက်တာဂုဏ်ပြုဆု

- မြန်မာနိုင်ငံဒေသအတွင်းရှိ လိင်ဝိသေသ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် ဆက်စပ်သော လုပ်ငန်းဆောင်တာများကို အစောဆုံးကာလမှစတင်ပြီး ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ပေးခဲ့သည့် သမိုင်းကြောင်းရှိသူ ဖြစ်ရမည်။
- မြန်မာနိုင်ငံဒေသအတွင်းရှိလိင်ဝိသေသ၊လိင်စိတ်ခံယူမှုကွဲပြားသူများနှင့်ဆက်စပ်သော လုပ်ငန်း ဆောင်တာများနှင့် အခွင့်အရေးများဆိုင်ရာ အကြောင်းအရာများကို လူထုအတွင်း စည်းရုံးလှုံ့ဆော်ခြင်းများကို အများဆုံးလုပ်ဆောင်ခဲ့သူ ဖြစ်ရမည်။

- မြန်မာနိုင်ငံအတွင်းရှိ လိင်ဝိသေသ၊လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် ဆက်စပ်သော လုပ်ငန်းဆောင်တာများကိုစံပြဆောင်ရွက်ခဲ့ပြီးသက်ဆိုင်ရာမျိုးဆက်သစ်အရပ်ဖက်အဖွဲ့အစည်းတစ်ခုခု ကို မြေတောင်မြှောက်မွေးထုတ်ပေးခဲ့သူ ဖြစ်ရမည်။

**(5) Award for Memorable person in Myanmar LGBTIQAs Activisms**

မြန်မာနိုင်ငံအတွင်း**LGBTIQAs**နှင့်ဆက်စပ်သည့်အရေးများလှုပ်ရှားဆောင်ရွက်ပေးခဲ့သည့် ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်အား အောက်မေ့သတိရ ဂုဏ်ပြုဆု။

**(ဂ) ဆုစိစစ်ရွေးချယ်ရေးကော်မတီ**

(၁) ဆုစိစစ်ရွေးချယ်ရေးကော်မတီကို သက်ဆိုင်ရာဦးဆောင်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံများ၊မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိအကြီးတန်း**LGBT**လူထုခေါင်းဆောင်များ၊ အဖွဲ့အစည်းခေါင်းဆောင်များ၊ သက်ဆိုင်ရာ အရေး တက်ကြွလှုပ်ရှားသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

(၂) ဆုစိစစ်ရွေးချယ်ရေး ကော်မတီသည် အဆိုပြုတင်သွင်းလာသော အဆိုပြုလွှာများကို ပြည့်စုံစွာလက်ခံပြီးကော်မတီအတွင်းရှိမည်သူတစ်ဦးတစ်ယောက်၏သဘောတူညီချက်မျှမပါပဲ ဆုကိုရွေးချယ် ပေးအပ်ခြင်းမပြုရ။

(၃)ဆုစိစစ်ရွေးချယ်ရေးကော်မတီသည်ရွေးချယ်ခံရသူများ၏သတင်းအချက်အလက်များကို လိုအပ်သည့်ကိစ္စရပ်များမှအပ ကော်မတီဝင်များ၏ သဘောတူညီချက်မရရှိပဲ ပြင်ပသို့ စောစီးစွာ ထုတ်ပြန်ကြေညာခြင်းမပြုရ။

(၄)ဆုစိစစ်ရွေးချယ်ရေးကော်မတီမှအတည်ပြုပြီးဖြစ်သော နောက်ဆုံးရလာဒ်များသည်သာ အတည် ဖြစ်ပြီး အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ ပြန်လည်ပြင်ဆင်ဆောင် ရွက်ခြင်း ပြုလုပ်ခွင့်မရှိ။

(၅) ဆုစိစစ်ရွေးချယ်ရေး ကော်မတီသည် ဖွဲ့စည်းပြီးသည်မှစပြီး နှစ်စဉ် အခါအားလျော်စွာ **Myanmar LGBTIQAs Awards (PFLAG-Myanmar)** ဆုအတွက် ဂုဏ်ပြုဆုချီးမြှင့်အပ်တံ့သော လူပုဂ္ဂိုလ်များ ကို အဆိုပြုတင်သွင်းလာခြင်းရှိပါက စိစစ်သုံးသပ်သွားရန် တာဝန်ရှိသည်။